# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန

## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်- ( ၃၇ / ၂၀၂၃)

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော **တောခေါင်း** (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး (၅) နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အသက်(၃၀)နှစ် ထက်မကြီးသူ (နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက်(၃၅)နှစ်ထက်မကြီးသူ) အမျိုးသားဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအမှူး၏ ခွင့်ပြုချက်တင်ပြရမည်၊

(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့် မရှိပါ။

(ဃ ) အခြေခံပညာအထက်တန်းအောင်မြင်သူ (အောင်လက်မှတ်မူရင်း တင်ပြနိုင်သူ)ဖြစ်ရမည်၊

(င) ကျန်းမာရေးကောင်းမွန်သူ (မိုင် ၂၀ လမ်းလျှောက်ခြင်းအား သတ်မှတ်ချိန်အတွင်း ပန်းဝင် နိုင်သူ) ဖြစ်ရမည်၊

( စ ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံချက်အား တင်ပြနိုင်သူ ဖြစ်ရမည်၊

(ဆ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ တစ်ဖက်ဖော်ပြပါ အထောက်အထားများ(pdf format ဖြင့် scan ဖတ်၍ ) ပူးတွဲလျက် administrationfd@forest.gov.mm/

forestadmdev@gmail.com သို့ Online စနစ်ဖြင့်ဖြစ်စေ၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ **၁၅-၁၂-၂၀၂၃** ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်-

(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (စစ်ဆေးသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြနိုင်ရမည်)၊

(ခ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာနယ်မြေရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(ဂ) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (စစ်ဆေးသည့်အခါတွင် မူရင်း တင်ပြနိုင်ရမည်)၊

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း၊

၄။ ရေးဖြေစာမေးပွဲကို အထွေထွေဗဟုသုတ ဘာသာရပ်အား စစ်ဆေးခြင်း၊ **မိုင်(၂၀)အား သတ်မှတ်ချိန်အတွင်း ပန်းဝင်အောင်လမ်းလျှောက်နိုင်မှုရှိ/မရှိစစ်ဆေးခြင်း**နှင့် လူတွေ့ စစ်ဆေးခြင်းတို့အား ဆောင်ရွက်မည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| **စဉ်** | **ဘာသာရပ်** | **ဖြေဆိုမည့်နေ့ရက်** | **အချိန်** |
|---|---|---|---|
| ၁ | အထွေထွေဗဟုသုတ | **၂၃-၁၂-၂၀၂၃(စနေနေ့)** | ၀၉ : ၀၀ နာရီ မှ ၁၁ : ၀၀ နာရီထိ |

၅။ ရေးဖြေစာမေးပွဲအတွက် ကြိုတင်လေ့လာရမည့် အကြောင်းအရာများ၊ ရေးဖြေစာမေးပွဲဖြေဆိုမည့်နေရာ၊ စာမေးပွဲဖြေဆိုရန်အတွက် လျှောက်ထားသူတစ်ဦးချင်းစီ၏ စာမေးပွဲခုံနံပါတ်၊ **မိုင်(၂၀)အား သတ်မှတ်ချိန်အတွင်း ပန်းဝင်အောင်လမ်းလျှောက်နိုင်မှုရှိ/မရှိ စစ်ဆေးခြင်း**နှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို သစ်တောဦးစီးဌာန၏ Website- www.forestdepartment.gov.mm တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၆။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၀၅၄၀၃/ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာပုံစံများကို သစ်တောဦးစီးဌာန၏ https://bit.ly/3N3ZQWT တွင် download ရယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**